**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**အကောက်ခွန်မှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရာထူးနေရာအတွက်**

**ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ခြင်း**

ရန်ကုန်မြို့ ၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၄ ရက်

၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရာထူး (၁၀) နေရာ ခန့်ထားရန်အတွက် ရွေးချယ်ခံရသူများ၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

**ခုံအမှတ် - ရက** - ၁၊ ၂၊ ၄၊ ၅၊ ၆၊ ၁၀၊ ၁၂၊ ၁၅။

**မမ** - ၂။

**မလ** - ၁။

၂။ ရွေးချယ်ခံရသူများသည် ၉-၃-၂၀၂၆ ရက်(တနင်္လာနေ့)၊ (၀၉:၃၀) နာရီအရောက် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ အမှတ်-၁၃၂၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင် အချိန်မီလာရောက်သတင်းပို့ရန်နှင့် လာရောက်သတင်းပို့ချိန်တွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများ တစ်ပါတည်း ယူဆောင်လာရမည် ဖြစ်သည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)

( ခ ) ပညာအရည်အချင်းအတွက် မဟာဘွဲ့လက်မှတ်/ ဘွဲ့၊ ၁၀ တန်းအောင်လက်မှတ် မူရင်း/မိတ္တူ

( ဂ ) ၁ လက်မ x ၁.၂၅ လက်မ အရွယ်အစားရှိ လိုင်စင်ဓါတ်ပုံ (၅)ပုံ

၃။ အထက်အပိုဒ်(၁)ပါ အကောက်ခွန်မှူးရာထူးအတွက် ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသော နေ့ရက်၊ အချိန်တွင် လာရောက်သတင်းပို့ရန်နှင့် သတင်းပို့ရန် ပျက်ကွက်ခဲ့သူများရှိပါက ၎င်း၏ရာထူးနေရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(င)၊ နည်းဥပဒေခွဲငယ်(၉)အရ ရွေးချယ်ခန့်ထားရန် အရန်စာရင်းရှိ ရမှတ် အများ-အနည်းအလိုက် တန်းစီဇယားပါ အမှတ်စဉ်များအတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားသွားမည်ဖြစ်သည်။

၄။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း/Viber-၀၉၆၇၈၉၀၈၃၀၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**